ကျွန်းပြားကျေးရွာ

မင်းဘူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေးပင်ကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

## မာတိကာ


မာတိကာ ၁
အတိုကောက်စကားလုံးများ ၅
စကားချီး ၆
ရေပုတ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀
**ကိုးကားစာရင်း** ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

အောက်တိုဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းပြားကျေးရွာ
မင်းဘူးမြို့နယ်

## ကျွန်းပြား ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံများ ကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်သည့်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မင်းဘူးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး၊အုပ်ချုပ်ရေးရုံးစိုက်ရာ မင်းဘူးမြို့နှင့် (၂၇)မိုင်ကွာဝေး၍ ဆက်သွယ်သွားလာရန် ခက်ခဲပါသည်။ ကျေးရွာသည် မြေပြန့်သော အနေအထားတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာလုပ်ငန်းလုပ်ကိုင်ကြပါသည်။ ဒေသ၏ နှစ်စဉ်မိုးရေချိန်အသင့်အတင့်ရရှိပြီး တောင်သာလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် မြေပြန့်သော နေရာတွင် တည်ရှိပြီးကျေးရွာ အနီးတွင် တောတောင်၊ချောင်းမြောင်း များပေါများပါသည်။ ယာမြေများသည် နှမ်းနှင့်ပဲ မျိုးစုံ စိုက်ပျိုးထုတ်လုပ်ရန် နှင့် အသက်မွေးဝမ်းကျောင်း ရန်တို့အတွက် အဓိကအားထားရ ပါသည်။ ၂၀၁၆ ခုနှစ်ဩဂုတ်လ မင်းဘူးမြို့နယ် မြောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းရှိ အနိမ့်ပိုင်း ကျေးရွာ အချို့တွင် ရေကြီးရေလွှမ်းမိုးဒဏ် ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ အများအပြား ရှိခဲ့ပြီး ၄င်းကျေးရွာ သည်လည်း ဆားပွတ်ချောင်းရေ တိုက်စားမှုကြောင့် ယာမြေများရေတိုက်စားခြင်း ၊ သီးနှံများ ရေတိုက်စားခံခဲ့ ရပါသည်။ မိုးများသော နှစ်များမှသာ ရေတိုက်စားမှုအန္တရာယ် ဖြစ်ပွားလေ့ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတစ်ရွာလုံး၏ ယာမြေဧက စုစုပေါင်း (၁၃၉၂) ဧကရှိကြပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပြီး မိုးရေကိုသာ အဓိက အားထားစိုက်ပျိုးရပါသည်။ မြေအောက်ရေ အသုံးပြုမှုနည်းပါးပါသည်။ ထွန်ယက်နိုင်စိုက်ပျိုးနိုင်သော မြေဧက(၁၃၉၂) ဧကအား နှမ်း၊ပဲတီစိမ်း၊ပဲကြီး၊ပဲစဉ်းငုံ၊များကို အဓိကထားစိုက်ပျိုးကြသည်။ မိုးရေကိုသာ အဓိကထားစိုက်ပျိုးရသောကြောင့် ရာသီဥတု မမှန်ကန်သော နှစ်များတွင် သီးနှံစိုက်ပျိုးချိန်တွင် အဆင်မပြေခြင်း၊နှောင့်နှေးကြန့်ကြာမှုများကြုံတွေ့ရပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၇၁၄) စုနှင့်ကျား(၁၄၅၉)၊ မ(၁၄၈၂)ဦးဖြင့်လူဦးရေပေါင်း (၂၉၄၁)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှနေထိုင်သူ(၄)ယောက်နှုန်းရှိ၍ နိုင်ငံတော်၏ စံနှုန်းနှင့် ကွာဟမှု နည်းပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၆%)ခန့်ရှိသဖြင့် လူသားအရင်း အမြစ် ကောင်းတစ်ရပ်ဖြစ် ကာလူငယ်များကို လေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေ သည် အမျိုးသားဦးရေထက် (၀.၀၇%) မျှပိုများပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရ လုပ်ငန်းသည် ယာမြေလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းနေပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ် မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၂၄.၉၂ %) သည် အလွန်ဆင်းရဲ သောအိမ်ထောင်စု အဖြစ်ခံယူကြပြီး (၄၅.၆၆%) သည် ဆင်းရဲသော အိမ်ထောင်စုအဆင့် ဖြစ်ကာ (၂၆.၃၃%)သည် အလယ်အလတ်ရှိသော အိမ်ထောင်စုအဆင့် နှင့် (၃.၀၉%)သည် အဆင်ပြေ အိမ်ထောင်စု ချမ်းသာသည့် အဆင့်ဟု သတ်မှတ်ကြပါသည်။ ကျေးရွာ တွင်မြေယာ ပိုင်ဆိုင်မှု၊ လက်လုမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာ များ၊ပိုင်ဆိုင်မှုနှင့် ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သောပိုင်ဆိုင် မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေ အထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော တောင်သူအိမ်ထောင်စုများ အပြင် အခြားတောင်သူ အိမ်ထောင်စု အချို့မှာလည်း လက်သမား၊ ပန်းရံ၊သစ်ခွဲစက် စသော အသေးစားအိမ်တွင်းလုပ်ငန်းများ တွင်လည်းပါဝင်ဆောင်ရွက် ကြပါသည်။ ငွေချေးသော အိမ်ထောင်စုအချို့ နှင့် အစိုးရဝန်ထမ်း အချို့လည်း ငွေရေး ကြေးရေးအဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီးမြေယာ အနည်းငယ် ပိုင်ဆိုင်သော တောင်သူများ၊လက်လုပ်လက်စား ကူလီများ နှင့် မြေမဲ့အိမ်ထောင်စု များပါဝင်သည်။ ကျေးရွာတွင် မြေမဲ့အိမ်ထောင်စု အရေအတွက် မြင့်မားပြီး (၇၀.၅၈%) သိရှိကာ ဆင်းရဲသား အဆင့်နှင့် အလွန်ဆင်းရဲသား အဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် တောင်ယာလုပ်ငန်း၊ ကူလီအငှားသမား၊ ပန်းရံလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ သစ်ခွဲစက်လုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၁၅၁) စုကို လေ့လာစမ်းစစ်မှု အရ ယင်းတို့၏ ၄၁.၀၅% မှည သူတစ်ပါးထံမှ မချေးငှားဘဲ သုံးလခန့်စာ သုံးနိုင်ကြကြောင်း ၃၁.၁၂% မှာ သူတစ်ပါးထံမှ မချေးငှားဘဲ သုံးလမှ ငါးလခန့် စားသုံးနိုင်ကြကြောင်း နှင့် ၂၇.၈၁% မှာ (၆)လမှ (၁၂) လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှု တွင် နေတွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ တင်ရှိမှုများရှိပါသည်။

အိမ်ထောင်စုအားလုံး၏ (၃၉)စု ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ ဖြစ်ကြပြီးအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။ မုဆိုးဖို၊တစ်ခုလပ် ဦးဆောင်သော အိမ်ထောင်စု (၈)စု သည်ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ

ဖြစ်ကြသည်။ အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်းသူနှင့် မိသားစု စောင့်ရှောက်မှုနည်းသူများ ဖြစ်သည့် သက်ကြီးရွယ်အိုများ မရှိပါ။ ရွာအပြင် သို့ သွားရောက်ပြီး ဝင်ငွေ ရရှိရေး အလုပ်သွားရောက် လုပ်ကိုင် ကြသည့် လူငယ်၊ လူရွယ်များသည် လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများ၊အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲ မှုအန္တရာယ်ရှိတတ်ကြပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစု သည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝ မှုရှိကြသည်။ ကလေးငယ် အများစုလည်းကျန်းမာကြသည်။ သွေးလွန်တုပ်ကွေး ရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိကြောင်း သိရသည်။ အမျိုးသမီးများ လူငယ်၊ လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင် ရှိကြသည်။ ကျေးရွာသားများအနေ ဖြင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက် မှုကို ကျေးရွာတွင် ရရှိနိုင်ကြပြီး တိုက်နယ်ဆေးရုံ နှင့် ခြောက်မိုင်ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေး မကောင်းပါ။ မြို့နှင့် ဝေးသောကြောင့် မြို့နယ်ဆေးရုံနှင့် ဆေးဆိုင်များနှင့် လည်း လက်လှမ်းမီမှု နည်းပါးလှပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင် ၊စက်ရေတွင်း နှင့် လက်ငင်တွင်းများမှမြေအောက် ရေကို အလွယ်တကူ ရရှိကြပြီး ဝမ်းပျက်၊ဝမ်းလျော၊ တိုက်ဖွိုက်၊အစာအိမ်ရောင်၊စသော ရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်း တွေ့ရှိရသည်။ အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက် ကြပြီးဘွဲ့ရ အရေအတွက် အနည်းအကျဉ်း သာရှိသည်။ ကျေးရွာတွင် အခြေခံပညာ ကိုရွာထဲရှိ အထက်တန်း ကျောင်းခွဲတွင် တတ်ရောက်သင်ကြား နိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကြောင်း ကျွမ်းကျင် မှုများမှာ နိမ့်ကျဆဲ ဖြစ်ပြီးလူငယ်၊ လူရွယ်များအတွက်အလုပ်အကိုင် အခွင့် အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူထု အဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက် မှုနှင့်ခွဲခြား ဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများ သည်သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘူယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေး အရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် အနည်းငယ်သာ နည်းနေသည်။အလယ်တန်း နှင့် အထက်တန်းများတွင် မအရေအတွက်မှာ

ကျားအရေအတွက်ထက် အနည်းငယ်များနေပြီး အမျိုးသမီး များအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။ သို့သော် ကျေးရွာတွင်နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုရကြသည်။ ဥပမာ အားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အသည်း များတွင် အမျိုးသမီးများ ပါဝင်မှု တို့မှာ အလွန်လျော့နည်း လျက်ရှိသည်။ ကျား၊မ တန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ မြှင့်တင်ဆောင်ရွက်ပေးခြင်း ဖြင့် ကျား၊မ တန်းတူ ညီမျှ မှု ဖွံ့ဖြိုးမှုတို့ အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်၊ လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၁)ဖွဲ့၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်း (၁)ဖွဲ့ ၊ရပ်ရွာလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေး အဖွဲ့(၂) ၊ ငွေစု ၊ချေးငွေလုပ်ငန်း (၂)အဖွဲ့ ၊ရေရရှိရေး လုပ်ငန်း (၁)ဖွဲ့ တို့ရှိပါသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်း ပေးသော လူမှုရေးဆိုင်ရာ အဖွဲ့အစည်း သည် အမျိုးသမီး ရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်ကြပါသည်။ နာရေးကူညီမှု အသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျှက် ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ မြန်မာ့အသေးစား ငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းထားပြီး အသေးစား ငွေစု၊ ငွေချေး လုပ်ငန်း ကိုလည်းပတ် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်း မှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အကြား ချိတ်ဆက် ဆောင်ရွက်မှု၊အဖွဲ့အစည်း ဆိုင်ရာ သဘောတရားတို့ နှင့် ပတ်သက်၍ အားနည်း ကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံ အုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် နှမ်း၊ပဲတီစိမ်း၊ ပဲစဉ်းငုံနှင့် ပဲကြီးကို အဓိကထား စိုက်ပျိုးကြသည်။ သီးနှံစိုက်ပျိုးဧက (၁၃၉၂) ဧကရှိပြီး ၊ နှမ်း(၃၁၀ ဧက) ပဲတီစိမ်း (၇၅၀)ဧက၊ ပဲစဉ်းငုံ (၂၈၀)ဧက ကိုစိုက်ပျိုးကြသည်။ သီးနှံ ပျှမ်းမျှ အတွက် နှုန်းမှာ နှမ်း(၇)တင်း၊ ပဲတီစိမ်း (၁၈)တင်း၊ ပဲစဉ်းငုံ (၁၃)တင်း ၊ပဲကြီး (၁၁)တင်း နှုန်းတို့ ထွက်ရှိ ကြသည်။ မိုး အဓိက ထားစိုက်ပျိုးကြသော ကြောင့် ရာသီဥတု မမှန်ကန်သော နှစ်များတွင် အဆင်မပြေခြင်း၊ နှောက်နှေး ကြန့်ကြာခြင်းတို့ကြုံတွေ့ရပါသည်။

စိုက်ပျိုးရေး ဦးစီးဌာန မှ နည်းပညာဝန်ဆောင်မှု များရရှိကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှာလည်း တောင်သူ များအတွက် ဝန်ဆောင် မှုများ ပေးသည်။ တောင်သူ များမှာလည်း တောင်ယာ လုပ်ငန်းခွင် အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပါသည်။ လုပ်အားခ ပိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိကြကာ ကုန်ကျ စရိတ်မြင့်မား ကြသည်။

တစ်ချို့ တောင်သူများမှာ အလုပ်သမား ရှားပါးမှုနှင့် ကုန်ကျစရိတ် မြင့်တတ်မှုတို့ကို မတတ်နိုင်၍ သီနှံများ မစိုက်ပျိုးနိုင်ကြပါ။ တောင်သူ များတစ်ခါ တစ်ရံ မိုးသွန်း မှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ ပဲမျိုးစုံ စိုက်ခင်းများတွင် ဖျတ်ပိုးကျရောက် မှုကို ပိုမို တွေ့ရပြီး ယင်းဖျတ်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ ကိုခံနိုင်စွမ်း ရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက် သောဖျတ်ပိုး နှိမ်နှင်း ရေးစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စု အရေအတွက် မှာ ၅.၃၂% ဝန်းကျင်သာရှိပြီး ဒေသ ဝက်မျိုးကိုသာ မွေးမြူကြသည်။ ဒေသကြက်မွေးသည် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၅၈.၂၆% ခန့်ရှိပြီးဈေးကွက် တွင်ဝယ်လိုအား ရှိသည်။ ရာသီအလိုက် ဖြစ်ပွား တတ်သော တိရိစ္ဆာန် ရောဂါ အထူးသဖြင့် ကြက်လည်လိမ် ရောဂါ အဖြစ်များပြီး ရောဂါကြောင့် သေဆုံး ပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာ ဝန်ဆောင်မှုကို မြို့နယ် မွေးကုဦးစီးဌာန မှရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက် မှု ကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းနေသည် မွေးမြူရေး လုပ်ငန်း ပိုင်းဆိုင်ရာ အဟန့်အတား များအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများကမွေးမြူရေး လုပ်ငန်း တည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေး သူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်း မြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရေး မြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်း များမရှိကြပါ။

### (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်သမား၊ ဈေးရောင်း၊ ပန်းရံလုပ်ငန်း ၊ လက်သမားလုပ်ငန်း တို့ဖြစ်ကြသည်။ အခြားလုပ်ငန်း အများစုမှာ ရာသီဥတု နှင့် အမျိုးအစား အလိုက်တွက် ချေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထား တွင် ရှိသည်။ လက်လုပ်၊လက်စား အလုပ်သမားများမှာ စိုက်ပျိုးရာသီများတွင် သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်း ကြောင့် တွက်ချေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေ မှာကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ် ဖြစ်သည်။ မြို့ကြီးများတွင် အသက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများ ရှိသော်လည်း သင်တန်းများနှင့်အထိတွေ့နည်းပါးကြပြီးလုပ်ငန်း ခွင်သုံး ပညာအရည်အချင်း ပိုင်းတွင်လည်း အနည်းနယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်ကျ ခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြပေ။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် ပဲမျိုးစုံ စိုက်ပျိုးသော စိုက်ခင်းများတွင် ဖျတ်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြား သဖြင့် မြေဆီလွှာ အရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူ များအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေး စနစ်အစား ဓာတု ပိုးသတ်ဆေးများ ကိုသာ အသုံးပြုမှုများ ပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် လည်းပလစတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ ဓာတု ပိုးသတ်ဆေးဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့် သည်။

မင်းဘူး(စကု) မြို့နယ်မြောက် ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်း တွင် ၂၀၁၆ ခုနှစ် မိုးတွင်းပိုင်းက ရေကြီးရေလွှမ်းမှု ဖြစ်ပွားခဲ့သည်။ဤကျေးရွာသည် မြေမြင့် သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်း ခြင်းမှ ကင်းလွတ်ခဲ့သော်လည်း ချောင်း၊မြောင်း၊ များ၏ တိုက်စားမှုဒဏ်ကိုခံခဲ့ ရပါသည်။ ကုန်းတွင်းဒေသဖြစ်ခြင်း ကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးပါသည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းကသဘာဝဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ထုတ်ချေးသောငွေကို တစ်ကျပ်ခွဲ အတိုးနှုန်း ဖြင့်တစ်ဧက နှစ်သောင်းကျပ်ဖြင့် အများဆုံး (၁၀)ဧက အတွက် ထုတ်ချေးနိုင်သည်။ (၆)လတစ်ကြိမ် ပြန်ပေးဆပ်ရပါသည်။ ပုဂ္ဂလိက အသေးစား ဝန်ဆောင်မှု ကဏ္ဍအနေဖြင့် ချေးယူခြင်း မရှိကြပါ။ အဖွဲ့လိုက်ငွေချေး ၊ငွေစု အစီအစဉ် အနေဖြင့် သမဝါ ယမအသင်းမှထုတ်ချေးငွေ ကို အတိုးနှုန်း (၁)ကျပ်ခွဲ နှင့် ထုတ်ယူသူ တောင်သူ တစ်ဦးလျှင် တစ်သိန်းကျပ်နှုန်းသာရသည်။ ခြောက်လ တစ်ကြိမ်ပြန်လည် ပေးဆပ်ရပါသည်။ အချို့အိမ်ထောင်စု များမှာ ငွေတိုးချေးစားသူ များထံမှ တစ်ဆယ်အတိုး ၊ ငါးကျပ် တိုးပေးဆောင် ရပြီး ပစ္စည်းများ တန်းထားရပါသည်။ ချေးငွေကို (၆) လသို့မဟုတ် (၁)နှစ် အတွင်း ပြန်လည် ပေးဆပ်ရပါသည်။

ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းအရင်း မျိုးစုံ (ရိက္ခာ၊ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာ အတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ် ချက်များပြား ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအတွင်း အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ် ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု များအားလုံးသည် အကြွေးယူထား ကြပြီး အကြွေးငွေ ရှိကြောင်းတွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကို အလျား ၁၂၀'x အနံ ၃၀'x အမြင့် ၁၂' အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံ ကာနှင့် ကွန်ကရစ်ခင်း ကျောင်းဆောင်(၁) ဆောင်၊အလယ်တန်း ကို အလျား ၁၂၀'x အနံ

၃၀'x အမြင့် ၁၂'အရွယ်ရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း ကျောင်းဆောင်(၂)ဆောင်နှင့် အထက်တန်းကို အလျား ၆၀'x အနံ ၃၀'x အမြင့် ၁၂' အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ၊ ကွန်ကရစ်ခင်းကျောင်းဆောင်(၁)ဆောင် စုစုပေါင်း(၄)ဆောင် တွင် သင်ကြားပေးသည်။ ရွာသားအားလုံးမှာရေးတတ် ဖက်တတ်ကြပြီး လူဦးရေအားလုံး၏ အလယ်အလတ်သည် ဘုန်းကြီးကျောင်းပညာရေးရရှိထားပါသည်။ မူလာတန်းအောင် ရာခိုင်နှုန်းလည်းမြင့်မားပါသည်။ ယခုနှစ် ကျောင်းအပ်နှံသည့်နှုန်း ထားသည် ကျေးရွာရှိ မူလတန်း အရွယ် နှင့် အလယ်တန်းအရွယ် ရှိသူ အရေအတွက် ပိုနေကြောင်း တွေ့ရှိရပါသည်။ ၄င်းမူလတန်း တွင် (၉)နှစ် နှင့် အလယ်တန်း တွင်(၁၄) နှစ်ထက်ကြီးသော ကျောင်းသားများ ပါရှိခြင်း ၊ ကျေးရွာခွဲမှ ကျောင်းသား များတတ်ရောက်နေကြခြင်းတို့ ကြောင့် ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂ တို့လုံလောက် ပြီးမူလတန်း ပြဆရာ/မ (၄)ဦး၊ အလယ်တန်းတွင် ဆရာ/မ (၁၂) ဦး၊အထက်တန်း ဆရာ/မ (၆)ဦး တို့ရှိပါသည်။ ကျောင်းတွင် တပည့်အချိုး သည်ဆရာ/မ အင်အား လုံလောက် မှုမရှိပါ။ (၅)ဦးခန့် လိုအပ်နေပါသည်။ မူလတန်း ကျောင်းသားများ အတွက် လွှန်ခဲ့သောကျောင်းဖွင့် ရာသီမှ စာအုပ်များနှင့် လေ့ကျင့်ခန်း စာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲရှိပါသည်။ သားဖွားဆရာမ(၁)ဦး ၊ကြီးကြပ်(၂)ဦး ၊အရံသားဖွား(၁)ဦး ရှိပြီး ၊ကျန်းမာရေး ဝန်ဆောင်မှု လက်လှမ်းမှီမှု နည်းပါသည်။ မင်းဘူးမြို့သည် လျှပ်စစ်မီး ရရှိသော မြို့ဖြစ်သည့်အလျောက် အအေးခန်းဖြင့် သိုလှောင်ရန်လိုအပ်သော ဆေးများအတွက် ရေခဲသေတ္တာ သုံးပြီး သိုလှောင်ထားနိုင်သည်။ သောက်သုံးရေအတွက် လက်နှိပ်တုံကင်၊ စက်ရေတွင်း၊လက်ငင်တွင်းများ တပ်ဆင် သုံးစွဲကြပြီး လုံလောက် မှုရှိသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးယိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ အလွန်ဆင်းရဲ သောအိမ်ထောင်စုများအနေဖြင့် တောထိုင်သူများ အနည်းငယ်ရှိသည်။ တစ်ရွာလုံး နီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်ဆသောရောဂါ ဖြစ်ပွားမှုများ နည်းပါးသည်။စာသင် ကျောင်း တွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ၊ ကျောင်းသား များအလွယ်တကူ အသုံးပြုနိုင်သည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပါ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးဆရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့် ဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၆ခုနှစ်၊ဒီဇင်ဘာလတွင်ပေ၃၀'x ၁၂'x ၉'ရေကျော်ရုပ်တား အားလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေ မှတည်ဆောက်ပေးခဲ့ပြီး ပေ ၁၂၀'x ၁၂'x ၉'ရေကျော် ရုပ်တား ကိုကျေးရွာသူ ရွာသားများမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ပါသည်။ ကျေးရွာအတွင်း လမ်းများသည် မြေသား လမ်းဖြစ်ပြီး ထွန်စက်၊နောက်ဆက်တွဲနှင့် ၊ကားများကို အသုံးပြု မောင်း နှင်ကြသည်။ ရေလမ်း ခရီးအသုံးပြု မှု မရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၃၅၆) စီး၊ စက်ဘီး (၆၀) စီး၊ထွန်စက် နောက်တွဲ (၂၃)စီး ၊ကား(၁၀)စီးတို့ ဖြင့် မြို့သို့ သွားလာရာတွင် အသုံးပြု ပြီး နွားလှည်း၊ထွန်စက် ၊ လက်တွန်းထွန်စက်များကို လယ်ယာလုပ်ငန်းခွင် သုံးယာဉ် အဖြစ် အသုံးပြုကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။မီးသုံးစွဲမှုအနေဖြင့်အိမ်သုံးတစ်နိုင် တစ်ပိုင်ဆိုလာစနစ် ကိုသုံစွဲကြပြီး ကျေးရွာတွင် အိမ်ထောင်စု (၇၁၄) စုရှိသည့်အနက် ဆိုလာသုံးစွဲသော အိမ်ထောင်စု (၁၁၇) စုရှိပါသည်။ ဒီဇင်ဘာအင်ဂျင်သုံးစွဲသော အိမ်ထောင်စု (၃၇)စု ရှိပြီး ကျန်အိမ်ထောင်စု များမှာ ဖယောင်းတိုင် နှင့်ဆိုလာ မီးအိမ်ကို အသုံးပြု ကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ သင့်တင့် ကောင်းမွန်ပြီး အခြားသတင်း အချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် ရှိသော်လည်း စာအုပ်များ စုံလင်စွာ မရှိသဖြင့်ဖွင့်လှစ်ထားနိုင်ခြင်း မရှိပါ။ ကျေးရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကို ဝယ်ယူ ဖတ်ရှုကြပြီး တစ်ရွာ လုံးအတိုင်းအတာ ဖြင့် အူရီဒူးနှင့်တယ်လီနော များဖြင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန် ကြောင်းတွေ့ရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝင်မှုခင်း ဖြစ်ပွားမှု နည်းပါသည်။ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက် အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက် ထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်း သို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာသည် လျှပ်စစ်မီးကို သုံးစွဲခြင်းမရှိဘဲ တစ်နိုင်တစ်ပိုင် ဆိုလာစနစ်ကို သုံးစွဲကြပြီး လျှပ်စစ်မီးဖိုးဖြင့် ချက်ပြုတ်နိုင်ခြင်း မရှိသောကြောင့် မီးသွေး၊ထင်း ဖြင့်သာ ချက်ပြုတ်သုံးစွဲနေရပါသည်။ မီးသွေးတင်းများကို အသုံးပြုနေရသောကြောင့် သစ်တောဖြုန်းတီး မှုများ ရှိနေဆဲပင်ဖြစ်သည်။ လျှပ်စစ်မီးမရရှိသည့်အတွက် ကျောင်းသားကျောင်းသူ များစာဖတ်ခြင်း၊စာကြည့်ခြင်းကိုဆိုလာမီးအိမ်၊ ဖယောင်းတိုင်များကိုသာ အသုံးပြုနေ ရသောကြောင့် အခက်အခဲများကြုံတွေ့နေရပြီး လူနေမှုအဆင့်အတန်း မြင့်မားရေးတွင် လက်လှမ်းမီ မှု နည်းပါးပါသည်။

လူငယ်ပညာတတ် များရှိပြီး လူဦးရေအားလုံး၏ ၆၆% မှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့် ရှိပြီးကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားများ အရင်းအမြစ်ကိုတိုးတက်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများ ရှိသော်လည်း အလွယ်တကူ တော့လက်လှမ်းမီမှုနည်းပါးပါသည်။ ကျေးရွာသားများ အနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသမှုများ ခံယူရမည်ဆိုပါက မင်းဘူးခရိုင်ဆေးရုံ နှင့်တိုက်နယ် ဆေးရုံ၊သို့သွား ရောက်ပြီးဆေးကုသမှုများခံယူ ကြရပါသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုး ပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားသည် အသင့်အတင့် ကောင်းသော အဆင့် တွင်ရှိနေပါသည်။

သဘာဝအရင်းအမြစ်များတွင် တောင်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့် ကောင်းမွန် သည်တောင်သူများလည်း တောင်ယာ ထွန်ကုန်များကို သယ်ယူပို့ဆောင်ရေးရှိပြီး မိုးရာသီတွင် အလွယ်တကူ သယ်ယူပို့ဆောင်မှုများ မရှိဘဲ နှောင့်နှေးကြန့်ကြာမှုများရှိတက်ပါသည်။ မိုးသီးနှံ နှမ်းနှင့် ပဲတီစိမ်း၊ဆောင်းသီးနှံ ပဲစဉ်းငုံနှင့် ပဲကြီးသီးနှံများကို မိုးရွာသွန်းမှုဖြင့်သာ ကျေးရွာ၏ စိုက်ပျိုးမြေ ဧက(၁၃၉၂)ဧက စိုက်ပျိုးကြရပြီး ရာသီဥတုမမှန်သောနှစ်များတွင် သီးနှံစိုက်ပျိုးချိန် အဆင်မပြေခြင်း နှောက်နှေးကြန့်ကြာမှုများ ကြုံတွေ့ကြရပါသည်။ ကျေးရွာသည် မင်းဘူးမြို့နှင့် အလှမ်းဝေးပြီးလမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး ကျေးရွာထွက်ကုန်များကို တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးကို တစ်ပိုင်တစ်နိုင် မွေးမြူကြပြီးမွေးမြူရေးထွက်ကုန် ရောင်းချရန်ဈေးကွက်ကောင်းရှိပြီး အထူးသဖြင့် ကြက်နှင့်နွားကိုတိုးချဲ့ မွေးမြူရန် အခွင့်အလမ်း များရှိသည်။ သို့သော် မွေး၊ကုဦးစီးဌာန မှလိုအပ်သောနည်းပညာ ပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှု ကိုချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်း များအတွက် လက်လှမ်းမီ အသုံးပြုနိုင် ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့် မျှတကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာရှိ တောင်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန် သည်မှ အပ အခြားသယံဇာတ များမထွက်ရှိပါ။ တောင်ယာမြေကို ထပ်မံတိုးချဲ့ ရန်မှာ မဖြစ်နိုင်သဖြင့် တောင်သူ များအဖို့ အထွက်နှုန်း တိုးမြင့်အောင် အားစိုက်ရပေမည်။

မိုးရေကို အဓိကထားစိုက်ပျိုးနေရသောကြောင့် ရာသီဥတု မမှန်သော နှစ်များတွင် သီးနှံစိုက်ပျိုးရန် အဆင်မပြေခြင်း၊ နှောက်နှေးကြန့်ကြာမှုများရှိသဖြင့် ဆည်တည်ရန် သော်လည်းကောင်း မြေအောက်ရေကို ထုတ်ယူမှု လုပ်ငန်းသော်လည်းကောင်း ဆောင်ရွက်ပေးမှသာ စိုက်ဧက သီးနှံ အထွက်နှုန်းများ တိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးသတ်ဆေး အချို့ကို ခံနိုင်သော ဖျတ်ပိုးများလည်း တောင်သူများ၏ ပဲမျိုးစုံစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မှနည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျတ်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်များမရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်း ရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များမရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်း ရေး၊ကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိနိုင်ရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူ များရှိသော်လည်း အတိုးနှုန်း မြင့်မားတတ်သည်။ ဘဏ်များကျေးရွာအရောက် ဝတန်ဆောင်မှုပေးသော စနစ်မရှိဘဲ ချေးငွလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ် ဖွံ့ဖြိုးရေးဘဏ်များ မှငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာ တွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန် လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသအတွင်း တွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း အတွက်ကုန်ကြမ်း အတတ်ပညာ အသိပညာ အထိအတွေ့တို့ အားနည်းနေပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဖွံ့ဖြိုးလာစေရေးအတွက် ကျေးလက် ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တိုင်ပင် ညှိနှိုင်းပြီး လာမည့် (၅)နှစ်ကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပ ါသည်။

(က – ၁) ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဆောက်လုပ်ရရှိရန်၊ ကျေးရွာသူ/သားများ ကျန်းမာပြီးအသက်ရှည် အနာကင်းလာမည်။

(က–၂) ကျေးရွာတွင် ဆိုလာလျှပ်စစ်မီးလင်းရေးရရှိရန်၊ ဆိုလာမီးရရှိပါလျှင်ဆိုလာမီး ရရှိပါလျှင် ကျေးရွာသူ/သားများအနေဖြင့် ပညာရေး၊ ကျန်းမာရေး လူနေမှုအဆင့် မြင့်မားလာမည်။

(က–၃) ရွာတွင်းလမ်းကောင်းမွန်မှသာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ ကျေးရွာတွင် နေထိုင်မှုအဆင်ပြေချောမွေ့လာမည်။

(က–၄) စာကြည့်တိုက် ဆောက်လုပ်ရရှိမှသာ လူငယ်များနှင့် ကျောင်းသူ/ကျောင်းသားများ ဗဟုသုတ ရရှိမည်။

(က–၅) ကျောင်းဆောင်အသစ်တည်ဆောက်ရန် ၊သို့မှသာ ပညာရေးသည်ပိုမိုတိုးတက် ကောင်းမွန်လာပါမည်။

ျ (က–၆) ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာများ ရရှိရန်၊ စိုက်ပျိုးရေးနည်းပညာ များရရှိမှသာ ကျေးရွာလူထု လူမှုစီးပွားဘဝ မြှင့်မားလာမည်။

(က–၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်း နှင့်စီးပွားရေး အုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားမှု မှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲ မှု ယန္တရား တိုးတက်လာမည်။

(က–၈) ကျွန်ုပ်တို့ကျေးရွာတွင် မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိရန်၊ သို့မှသာ ကျေးရွာလူထု ဖွံ့ဖြိုးတိုးတက်လာမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည် ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(က – ၁) ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဆောက်လုပ်ရရှိရန်၊ ကျန်းမာရေး ကော်မတီအဖွဲ့ များ၊ ကျန်းမာရေးဦးစီးတို့နှင့် ပူးပေါင်း၍ဆောင်ရွက်သွားမည်ဖြစ်သည်။

(က–၂) ဆိုလာလျှပ်စစ်မီးလင်းရေးရရှိရန်၊ မီးလင်းရေးကော်မတီများ၊လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

(က–၃) ရွာတွင်းလမ်းကောင်းမွန်ရန် ကျေးလက်လမ်းကော်မတီများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

(က–၄) စာကြည့်တိုက်ဆောက်လုပ်ရရှိရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့များ၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တို့ဖြင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က–၅) ကျောင်းဆောင်အသစ်တည်ဆောက်ရန် ကျောင်းကော်မတီများ၊ ပညာရေးဦးစီးဌာန တို့ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(က–၆) ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာများ ရရှိရန်၊ စိုက်ပျိုးရေးဦးစီးဌာန ၊ ကျေးရွာလူထုများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

(က–၇) အသက်မွေးဝမ်းကျောင်း သင်တန်းများရရှိရန် သက်ဆိုင်ရာဦးစီးဌာန များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

(က–၈) မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများ ရရှိရန်၊ မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာန များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

## (၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးလက်ရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြု ထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကို သတ်မှတ်ကာလ အတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက် များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် နှမ်း၊ ပဲတီစိမ်း၊ပဲစဉ်းငုံ၊ ပဲကြီး သီးထပ် အဖြစ်စိုက်ပျိုး ကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ် ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာနှိမ်နှင်းရေး အတွက် နည်းစနစ်ရရှိရေး လိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက်

သက်ဆိုင်ရာဦးစီးဌာန မှဝန်ဆောင်မှုများ ကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များ ကိုမှီခိုအားထားမှုပိုများ သည်။ သီးနှံ ဖျက်ပိုး အများသည် ပိုးသတ်ဆေးအချို့ ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံ ပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပုံများ အပါအဝင် ပိုးမွှားနှိမ်နှင်း ရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဌာနက ဦးစီးဆောင်ရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲသားတောင်သူ ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေ ရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် ယာလုပ်တောင်သူများ နှင့် စိုက်ပျိုးရေးနှင့် အသေးစားလုပ်ငန်း များအတွက် အထိုက်အလိုက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာသမဝါယမအသင်းရှိသော်လည်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြားအသေးစား စီးပွားရေး လုပ်ငန်းများလုပ်ဆောင် ရန်ချေးငွေ ပမာဏ နည်းပါးပါသည်။ မြို့နယ် သမဝါ ယမ အသင်းကချေးငွေလိုအပ်သော ရွာသားများအတွက် ချေးငွေအစီအစဉ် အထိုက်အလျောက်တိုးမြှင့်ဆောင်ရွက်ပေးသင့်သည်။ျျ

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း *(Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျန်းမာရေး*** | | | | | |
| | ၁။ ကျန်းမာရေးဌာန (ခွဲ)မှ ကျေးလက်ကျန်းမာရေးဌာနအဖြစ်အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | ကျန်းမာရေးကော်မတီများ၊ ကျန်းမာရေးဦးစီးဌာန များနှင့်ပူးပေါင်းဆောင်ရွက်သွားမည်။ | |
| ***မီးလင်းရေး*** | | | | | |
| | ၂။ဆိုလာလျှပ်စစ်မီးရရှိရန်ဆောင်ရွက်ခြင်း | ၉၀ | ၂ | မီးလင်းရေးကော်မတီများ၊ လျှပ်စစ်ဦးစီးဌာန များနှင့် ပြင်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သွားမည်။ | |
| ***အခြေခံအဆောက်အဦ*** | | | | | |
| | ၃။ ရွာတွင်းလမ်းကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၈၀ | ၃ | ရွာတွင်းလမ်းကောင်းမွန်ရန် သက်ဆိုင်ရာဌာန၊ ကျေးလက်ဦးစီးဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီး |
| ***ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု*** | | | | | |
| | ၄။ စိုက်ပျိုးရေးစရိတ် ချေးငွေများ ရရှိအောင် ဆောင်ရွက်ခြင်း | ၇၀ | ၄ | လယ်စီအဖွဲ့များ၊စိုက်ဘဏ်မှ ချေးငွေများရရှိဆောင်ရွက်ခြင်း | |
| ***ပညာရေး*** | | | | | |
| | ၅။ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ခြင်း နှင့် ပညာရေးဝန်ထမ်းရရှိအောင် ဆောင်ရွက်ခြင်း | ၆၀ | ၅ | ကျောင်းကော်မတီများ၊ ပညာရေးဦးစီး ဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်သွားမည်။ | |
| ***စိုက်ပျိုးရေး*** | | | | | |

| | | | | |
|---|---|---|---|---|
| | ၆။ စိုက်ပျိုးရေးနည်းစနစ်များကို အသုံးပြုမှုမြင့်မားလာစေရန်ဆောင် ရွက်ခြင်း | ၅၀ | ၆ | ကျေးရွာလူထု၊ သက်ဆိုင်ရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်ဆောင်ရွက် သွားမည်။ |
| ***စိုက်မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်း*** | | | | |
| | ၇။ အလုပ်အကိုင်အခွင့်အလမ်း များရရှိအောင် အသက်မွေးဝမ်း ကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၅၀ | ၇ | ကျေးလက်ဦးစီး၊သက်ဆိုင်ရာဌာနများနှင့် ပြင်ပအဖွဲ့အစည်း များနှင့်ပူးပေါင်းဆောင်ရွက်သွားမည်။ |
| ***မွေးမြူရေး*** | | | | |
| | ၈။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု များရရှိရန် ဆောင်ရွက်ခြင်း | ၅၀ | ၈ | ကျေးရွာလူထု၊ မွေးမြူရေးနှင့်ကုသရေး ဦးစီး ဌာန တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်။ |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
